# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

June 5, 2020 Volume 32, Number 5


# တရုတ်တင်ပို့မည့် ကုန်ကားများ ရက်များစွာစောင့်နေရပြီး လယ်ယာထွက်ကုန်များဖြစ်၍ နစ်နာနေ



ယဉ်မောင်း နည်းပါးလွန်းသည့်အတွက် တရုတ်နိုင်ငံသို့ တင်ပို့မည့် ကုန်ကားအစီး ၄၀၀ ခန့် ရက်ပေါင်းများစွာ စောင့်ဆိုင်းနေရကာ လယ်ယာထွက်ကုန်များဖြစ်၍ နစ်နာမှုများရှိနေကြောင်း မူဆယ် ၁၀၅ မိုင် ဆန်စပါး ကုန်စည်ဒိုင်မှသိရသည်။ "လောလောဆယ်စောင့်နေရတာပဲ။ သက်ဆိုင်ရာက လာရောက်ဖြေရှင်းပေးဖို့ ရှိတယ်။ မရောက်သေးဘူး။ ကားစီး ၄၀၀ လောက်ရှိတယ်။ ဖြစ်တာက လွန်ခဲ့တဲ့ ၁၆ ရက်လောက်ကတည်းကဖြစ်နေတာ။ ကြက်သွန်နီတို့ ဆန်တို့ ၊ လယ်ယာထွက်ကုန် ပစ္စည်းလည်းပါတယ်'' ဟု မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက မြန်မာတိုင်းမ်သို့ ပြောသည်။

တရုတ်နယ်စပ် ကုန်သွယ်ရေးတွင် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည် ရွှေလီမြို့သွားရောက်ရမည့် ကုန်ကားများသည် လဝက်ကျော်ခန့် စောင့်ဆိုင်းနေရပြီး ယင်းကားများမှာ လယ်ယာထွက်ကုန်များပ ါဝင်သည့်အတွက် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ "အစားထိုး ယာဉ်မောင်းစနစ်နဲ့သွားနေရတာ။ အခု ယာဉ်မောင်းက ၁၃ ယောက်ပဲ ရှိတယ်။ အရင်က ယာဉ်မောင်း ၁၀၀ ကျော်မောင်းတာ။ တစ်ခေါက်ကို ကားစီး ၁၀၀ ကျော်ဝင်လို့ရတယ်။ တစ်နေ့ကို ကားစီး ၄၀၀ ကျော်ဝင်လို့ရပြီးတော့ အခုကားအစီး ၁၀၀ လောက်ပဲ ဝင်လို့ရတော့တယ်။ အဓိကက ယာဉ်မောင်းနည်းတာပါ။ ယာဉ်မောင်း အင်အားသုံးလိုက်ရင်တော့အဆင်ပြေမှာပါ''ဟု ဦးမင်းသိန်းကပြောသည်။

ယင်းနှင့်ပတ်သက်ပြီး တရုတ်စီးပွားရေးသံမှူးကို ဖုန်းဖြင့်အကြောင်းကြားထားကာ လာမည့်ရက်ပိုင်းအတွင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် တွေ့ဆုံညှိနှိုင်း

**၅.၆.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၁၁ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၀၀၀ |
| ဒေါ်လာဈေး | = ၁၄၀၆/- ကျပ် |
| CBM Rate | = ၁၄၀၃.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၉၀.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၀၆.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၁.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၈၄.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၈.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၇၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၅၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၆.၀၂ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၈.၆၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၅၄၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

ရန်စီစဉ်ဆောင်ရွက်နေကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင် ကပြောသည်။ "အဓိကအနေနဲ့ကတော့ ယာဉ်မောင်းအခက်အခဲပါ။ တရုတ်ဖက် ကိုတော့ အောက်ခြေအဆင့်ကို လှမ်းအကြောင်းကြားထားပြီးဆောင်ရွက်နေတယ်။ ယာဉ်မောင်းများလာအောင် ဆောင်ရွက်ပေးဖို့ပြောထားတယ်" ဟု ဦးခင်မောင်လွင်က ပြောသည်။

မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသော Covid ကြောင့် တရုတ်အစိုးရက မြန်မာနှင့်နယ်စပ်ကုန်သွယ်မှုကို မြန်မာယာဉ်မောင်းများ ယင်းနိုင်ငံဘက်သို့အဝင်မခံတော့ပဲ ယင်းတို့ ကျန်းမာရေးစစ်ဆေးချက်ဖြင့် သတ်မှတ်ထားသောတရုတ်နိုင်ငံသား ယာဉ်မောင်းများက မောင်းနှင်သည့်စနစ်ဖြင့်သာ မြန်မာကုန်တင်ယာဉ်များအား ဝင်ရောက်ခွင့်ပြုခြင်းကို ဧပြီလကစတင်ခဲ့ခြင်းဖြစ်သည်။ တရုတ်ကခွင့်ပြုပေးထားသည့် ကုန်သွယ်ရေးဝင်ပေါက်များဖြစ်သော မူဆယ်ရှိ မန့်ဝင်းနှင့်ကျင့်စန်းကျော့ဂိတ်များ၌ မြန်မာကုန်တင်ကားများကို တရုတ်ယာဉ်မောင်းများက လာရောက်မောင်းနှင်၍ တရုတ်နိုင်ငံထဲသို့ဝင်ကာ ကုန်တင်၊ ကုန်ချ ပြုလုပ်ကြခြင်းဖြစ်သည်။

**Source:** https://myanmar.mmtimes.com/news/139939.html

## COVID-19 ကြောင့် အာဆီယံထုတ်လုပ်ရေးကဏ္ဍ သုံးလဆက်တိုက်ဆုတ်ယုတ်ခဲ့ပြီး ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် ပြည်ပတင်ပို့မှုအားလုံး လျှင်မြန်စွာဆက်လက်ကျဆင်းလာ



COVID-19 ကြောင့် အာဆီယံထုတ်လုပ်ရေးကဏ္ဍ သုံးလဆက်တိုက် ဆုတ်ယုတ်ခဲ့ပြီး ထုတ်လုပ်မှု၊ အော်ဒါအသစ်များနှင့် ပြည်ပတင်ပို့မှုအားလုံး လျှင်မြန်စွာ ဆက်လက်ကျဆင်းလာကြောင်း Nikkei ၏ ပံ့ပိုးမှုဖြင့် ပြုလုပ်သော HIS Markit စစ်တမ်းတွင် ဖော်ပြချက်အရသိရသည်။ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ၂၀၁၉ COVID-19 ပျံ့နှံ့မှုကြောင့် အာဆီယံထုတ်လုပ်ရေးကဏ္ဍမှာ ဆက်လက်ကျဆင်းခဲ့ပြီး ထုတ်လုပ်မှုနှင့်အော်ဒါအသစ် နှစ်ရပ်စလုံး လျှင်မြန်စွာ ရှေ့ဆက်ကျဆင်းလာချိန်တွင် လုပ်ကိုင်မှုအခြေအနေများ သုံးလမြောက် ဆက်တိုက်ဆုတ်ယုတ်လာခဲ့ခြင်းဖြစ်သည်။

အာဆီယံထုတ်လုပ်ရေးကဏ္ဍ PMI မှာ မေလတွင် ၃၅ ဒသမ ၅ ရှိပြီး ဧပြီ၏ အနိမ့်ဆုံးအမှတ်ဖြစ်သော ၃၀ ဒသမ ၇ ထက် မြင့်လာခဲ့သော်လည်း ထုတ်လုပ်ရေးကဏ္ဍအခြေအနေမှာ သုံးလဆက်တိုက် ဆုတ်ယုတ်လာမှုကို ညွှန်ပြနေသည်။ မေလ၏ အာဆီယံ PMI ညွှန်းကိန်းသည်စစ်တမ်း စတင်ခဲ့သည့် ၂၀၁၂ ခုနှစ် ဇူလိုင်မှစပြီး ဒုတိယ အနိမ့်ဆုံးဖြစ်သည်။ စက်ရုံများ၏ထုတ်လုပ်မှုရော၊ အော်ဒါမှာယူမှုပမာဏပါ ဆက်ပြီး တစ်ဟုန်ထိုး ကျဆင်းခဲ့ သော်လည်း Lockdown ကန့်သတ်ချက်အချို့ကို ဖြေလျှော့ပေးခဲ့၍ နှုန်းထားမှာ အားပျော့လာခဲ့သည်။ ကုမ္ပဏီများ၏ ထုတ်လုပ်မှုမျှော်မှန်းချက်များမှာ ဧပြီ၏ စံချိန်တင်အနိမ့်ဆုံးမှ မြင့်လာခဲ့သော်လည်း မှတ်တမ်းထဲ၌ အနိမ့်ဆုံးနှုန်း ဖြစ်နေဆဲဖြစ်သည်။

စစ်တမ်းတွင် ပါဝင်ကြသည့် နိုင်ငံခုနစ်နိုင်ငံစလုံးက မေလတွင် လုပ်ကိုင်မှုအခြေအနေများ ဆုတ်ယုတ်လာမှုကို သုံးလဆက်တိုက် မှတ်တမ်းတင်ခဲ့သည်။ စင်ကာပူမှာ အပြင်းထန်ဆုံး ဆုတ်ယုတ်ခဲ့ပြီး ကျဆင်းမှုအရှိန် ပိုမိုပြင်းထန်လာသည့် တစ်ခုတည်းသော နိုင်ငံဖြစ်ခဲ့သည်။ PMI အညွှန်း ၂၆ ဒသမ ၄ မှာ ထုတ်လုပ်ရေးကဏ္ဍ သိသာစွာ ဆုတ်ယုတ်မှုကို ဖော်ပြနေပြီး ရှစ်နှစ်နီးပါး သမိုင်းတွင် အနိမ့်ဆုံးဖြစ်သည်။ အင်ဒိုနီးရှား၏ ထုတ်လုပ်သူတို့ကလည်း အလားတူသိသာသော ကျဆင်းမှုကို မှတ်တမ်းတင်ခဲ့ပြီး ညွှန်းကိန်း ၂၈ ဒသမ ၆ မှ ဒုတိယအနိမ့်ဆုံးစံချိန် ဖြစ်ခဲ့သည်။

မြန်မာနိုင်ငံ၏ PMI မှာ ဧပြီ၏ သမိုင်းဝင်အနိမ့်ဆုံးအဆင့်မှနေပြီး ၃၈ ဒသမ ၉ သို့ မြင့်တက်လာခဲ့သည့်တိုင်အောင် ထုတ်လုပ်သူများက အခြေအနေပြင်းထန်စွာ ဆုတ်ယုတ်လာကြောင်း အချက်ပြခဲ့သည်။ ဖိလစ်ပိုင်နိုင်ငံကလည်း လုပ်ကိုင်မှုအခြေအနေများ သုံးလမြောက်ဆက်တိုက် ဆုတ်ယုတ်လာမှုကို မှတ်တမ်းတင်ခဲ့ပြီး ညွှန်းကိန်းမှာ ၄၀ ဒသမ ၁ ရှိခဲ့သည်။ ထိုင်းနိုင်ငံ၏ PMI သည် ဆုတ်ယုတ်မှုနှုန်း အားပျော့လာသော်လည်း ညွှန်းကိန်းမှာ ၄၁ ဒသမ ၆ တွင် ရှိနေပြီး ၂၀၁၅ ခုနှစ်တွင် စတင်ခဲ့သည့် စစ်တမ်းသမိုင်းတစ်လျှောက် အနိမ့်ဆုံးနှုန်းတစ်ခုဖြစ်သည်။ အခြားနိုင်ငံများအနက် ဗီယက်နမ်သည့်

ကုန်ထုတ်လုပ်မှု ရှေ့ဆက်ကျဆင်းမှုကို အချက်ပြခဲ့သော်လည်းနှုန်းမှာပိုနှေးလာပြီး ညွှန်းကိန်းသည် ၄၂ ဒသမ ၇ သို့ ပြန်တက်လာခဲ့သည်။ မလေးရှားနိုင်ငံသည် စောင့်ကြည့်နေသည့် ခုနစ်နိုင်ငံအနက် အနည်းဆုံးကျဆင်းမှုကို မှတ်တမ်းတင်နိုင်ခဲ့ပြီး ၎င်း၏ညွှန်းကိန်းမှာ ၄၅ ဒသမ ၆ ရှိကာ လုပ်ငန်းများ သိသိသာသာ ဆုတ်ယုတ်ဆဲဖြစ်သည်ကိုဖော်ပြနေသည်။ ခြုံပြောရလျှင် အာဆီယံထုတ်လုပ်ရေး ကဏ္ဍတစ်ဝန်း လုပ်ကိုင်မှုအခြေအနေများမှာ မေလတွင် စိန်ခေါ်မှုများသော အခြေအနေ၌ ရှိနေဆဲဖြစ်သည်။ အာဆီယံကုန်စည်များအတွက် နိုင်ငံခြားမှဝယ်လိုအားကျဆင်းလာခဲ့သည်နှင့်အမျှ ထုတ်လုပ်မှုနှင့် အော်ဒါအသစ်များလည်း ဆက်လက်ပြီး တစ်ဟုန်ထိုးကျဆင်းလာခဲ့ကြသော်လည်း Lockdown ကန့်သတ်မှုကို ဖြေလျှော့ပေးခဲ့ကာ စက်ရုံများ တဖြည်းဖြည်း ပြန်ဖွင့်လာခဲ့သောကြောင့် ဧပြီနှင့်နှိုင်းယှဉ်လျှင် ကျဆင်းမှုနှုန်း အားပြန်ပျော့လာခဲ့သည်။

ဝယ်လိုအားအခြေအနေ အားပျော့လာမှုနှင့်အတူ ကုမ္ပဏီများက မေလတွင် ဝန်ထမ်းဦးရေကို ထပ်လျှော့ခဲ့ပြီး စစ်တမ်းသမိုင်းအတွင်း ဒုတိယအများဆုံးဖြစ်ခဲ့သည်။ ထို့ပြင် ကမ္ဘာ့ကပ်ရောဂါကြီး၏ ရေရှည်သက်ရောက်မှု ကြောင့် ပစ္စည်းပေးသွင်းရေးကွင်းဆက်များ ပြတ်တောက်လာခဲ့ကြပြီး လုပ်ငန်းပြီးဆုံးရန် ကြာမြင့်ချိန်များမှာလည်း စစ်တမ်းကာလအတွင်း အကြာရှည်ဆုံးတစ်ခု ဖြစ်ခဲ့သည်။ ဈေးနှုန်းများကို လေ့လာကြည့်ပါက မေလအတွင်း ကုန်ကျစရိတ် ဝန်ထုပ်ဝန်ပိုး မသိမသာမျှတိုးလာခဲ့ပြီး ငွေကြေးဖောင်းပွမှုနှုန်းမှာ ဧပြီလအတိုင်းမပြောင်းမလဲရှိနေသည်။ တစ်ချိန်တည်းမှာပင် ပျမ်းမျှရောင်းဈေးများမှာ သုံးလဆက်တိုက်ကျဆင်းလာခဲ့ပြီး ဈေးနှုန်းများတည်ငြိမ်လျက်ရှိနေကြောင်းသိရသည်။

**Source:** https://news-eleven.com/article/176939

## တစ်နှစ်အတွင်း ကျောက်စိမ်းနှင့် ကျောက်မျက်ထုတ်လုပ်မှုမှ ကျပ် ၅၆ ဒသမ ၄ ဘီလျံကျော်ရရှိရန် လျာထားခဲ့သော်လည်း ကျပ် ၉၇ ဒသမ ၈ ဘီလျံကျော်ရရှိခဲ့ကြောင်းသိရ



အမျိုးသားစီမံကိန်းရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မှုအနေဖြင့် အစိုးရသစ်စတုတ္ထတစ်နှစ်အတွင်း ကျောက်စိမ်းနှင့် ကျောက်မျက်ထုတ်လုပ်မှုမှ ကျပ် ၅၆ ဒသမ ၄ ဘီလျံကျော်ရရှိရန် လျာထားခဲ့သော်လည်း ကျပ် ၉၇ ဒသမ ၈ ဘီလျံကျော်အထိရရှိအောင် အကောင်အထည်ဖော်နိုင်ခဲ့ကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ လက်ရှိအစိုးရလက်ထက် စတုတ္ထတစ်နှစ်တာအတွင်း အမျိုးသားစီမံကိန်းရည်မှန်းချက်များအရ သတ္တုထုတ်လုပ်မှုမှ စုစုပေါင်း ကျပ် ၅၀၅ ဘီလျံကျော်ရရှိရန်လျာထားခဲ့ရာ ကျပ် ၆၈၅ ဘီလျံကျော်အထိရရှိခဲ့ကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ အမျိုးသားစီမံကိန်းရည်မှန်းချက်ကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအနေဖြင့် သတ္တုထုတ်လုပ်မှု စုစုပေါင်း တန်ဖိုးကျပ် ၅၀၅၂၄၃ ဒသမ ၁၁၇ သန်း လျာထားခဲ့ရာ ကျပ် ၆၈၅၂၆၃ ဒသမ ၄၂ သန်း ရရှိခဲ့ကြောင်း သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးခင်လတ်ကြီးက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ စတုတ္ထ တစ်နှစ်တာ အတွင်း ဆောင်ရွက်ခဲ့မှုနှင့် ပတ်သက်ပြီး နိုင်ငံပိုင်သတင်းစာများနှင့် တွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားခဲ့သည်။

၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် နှစ်လအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရွှေသတ္တု ဖက်စပ်လုပ်ကွက်များမှ သတ္တုထုတ်လုပ်မှု ထရိုင်အောင်စ ၈၂၂ ဒသမ ၇၂ ရှိခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ထရိုင်အောင်စ ၆၃၇ ဒသမ ၈၂ အထိထုတ်လုပ်ထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ ၂၀၁၉ ခုနှစ် နိုဝင်ဘာလကုန်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အသေးစား၊ အလတ်စား၊ အကြီးစားနှင့် လက်လုပ်လက်စားအပါအဝင် စမ်းသပ်ကျောက်မျက်လုပ်ကွက် ၁၂၅၀ ကျော် ခွင့်ပြုမိန့်ထုတ်ပေးထားကြောင်း သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှသိရသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ကျောက်မျက်လုပ်ကွက်ထုတ်ပေးထားမှု အခြေအနေကို လေ့လာကြည့်ပါက ကချင်ပြည်နယ်တွင် အကြီးစားလုပ်ကွက် လေးကွက်၊ အသေးစား ၈၂ ကွက်၊ စမ်းသပ် ၂၅ ကွက်ဖြင့်

စုစုပေါင်း ၁၁၂ ကွက်၊ ကယားပြည်နယ်တွင် အကြီးစားလုပ်ကွက်တစ်ကွက်၊ အသေးစားတစ်ကွက်၊ စမ်းသပ် ၁၅ ကွက်ဖြင့် စုစုပေါင်း ၁၈ကွက်၊ ကရင်ပြည်နယ်တွင် အကြီးစားလုပ်ကွက်ခြောက်ကွက်၊ အသေးစား ၃၇ ကွက်၊ စမ်းသပ် ၂ ကွက်ဖြင့် စုစုပေါင်း ၄၆ ကွက်၊ ချင်းပြည်နယ်တွင် စမ်းသပ် ၂၅ ကွက် ဖြင့် စုစုပေါင်းလေးကွက်၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် အကြီးစားလုပ်ကွက် ၂၄ ကွက်၊ အသေးစား၁၆၅ ကွက်၊ စမ်းသပ် ၁၄ ကွက်ဖြင့် စုစုပေါင်း ၂၂၉ ကွက်၊ တနင်္သာရီတိုင်းဒေသကြီးတွင် အကြီးစားလုပ်ကွက် ၁၈ ကွက်၊ အသေးစား ၄၅ ကွက်၊ စမ်းသပ် ၁၉ ကွက်ဖြင့် စုစုပေါင်း ၈၈ ကွက်၊ နေပြည်တော်တွင် အကြီးစားလုပ်ကွက် သုံးကွက်ခွင့်ပြုမိန့်ထုတ်ပေးထားသည်။

၂၀၁၉ ခုနှစ် ဧပြီမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီအထိ သတ္တု၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲထုတ်လုပ်မှုမှ တန်ဖိုးကျပ် ၅၉၂ ဘီလျံကျော်ရရှိရန် လျာထားခဲ့ပြီး ကျပ် ၈၂၁ ဘီလျံကျော်ရရှိခဲ့သည့်အတွက် ၁၃၈ ဒသမ ၅၃ ရာခိုင်နှုန်း အကောင်အထည် ဖော်နိုင်ခဲ့ကြောင်း သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်ကြီးက ပြောကြားသည်။

**Source:** https://news-eleven.com/article/176874

## ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့်ပဲစင်းငုံဈေးပြန်တက်

အိန္ဒိယက မတ်ပဲတင်သွင်းရန် အချိန်ကန့်သတ်ချက် ပြောင်းလဲပြီး နှစ်ပတ်အကြာတွင် ပြည်တွင်းဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံ ဈေးအနည်းငယ်ပြန်တက်လာသည်။ ဖွန်လ ၄ ရက်တွင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်စသော နိုင်ငံများမှ ဝယ်လိုအားရှိခြင်း၊ အိန္ဒိယမှ အရည်အသွေးမြင့် မတ်ပဲတင်သွင်းမှုရှိနေခြင်းကြောင့် ပြည်တွင်းဈေးကွက်တွင် မတ်ပဲဈေးနှုန်း ပြန်လည်မြင့်တက်လာသည် ဟု မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။ မတ်ပဲဈေးနှုန်း တစ်တန်လျှင် ကျပ် ၉၇၅,၀၀၀ ဈေးရှိပြီး ပဲစင်းငုံတစ်တန်လျှင် ကျပ် ၇၈၀,၀၀၀ ဈေးဖွင့်သည်။ "ဝယ်လိုအားအခြေအနေအရ ဈေးကနည်းနည်းတော့ ပြန်လိုက်လာတယ်" ဟု ဦးမင်းကိုဦးကဆိုသည်။ ပြည်ပတင်ပို့သည့် ဈေးနှုန်းမြင့်တက်လာသကဲ့သို့ နယ်ဈေးကွက်များတွင်လည်း မတ်ပဲဈေးနှုန်းက တစ်တင်းလျှင် ကျပ် သုံးသောင်းအထက် ဈေးမြင့်တက်သည်။ အိန္ဒိယအစိုးရက ပြည်ပမှ မတ်ပဲတန် လေးသိန်းကို သုံးလအတွင်း အပြီးတင်သွင်းမည်ဟု မေလ ၂၂ ရက်က အသိပေးစာထုတ်ထားသည်။

မူလက တစ်နှစ်အတွင်း တင်သွင်းရန် ခွင့်ပြုထားသော်လည်း မေလအတွင်း အချိန်အပြောင်းအလဲကြောင့် အိန္ဒိယကုန်သည်များ၏ ဝယ်လိုအားလျော့သွား၍ ပြည်တွင်းမတ်ပဲဈေးသည် တစ်တန်လျှင် ကျပ် ၉၃၀,၀၀၀ နှင့် ပဲစင်းငုံ တစ်တန်လျှင် ကျပ် ၇၆၀,၀၀၀ သို့ ဈေးကျခဲ့သည်။ အိန္ဒိယ ပဲစိုက်တောင်သူများ မိုးပဲရိတ်သိမ်းချိန်နှင့်ချိန်ဆပြီး ပြည်ပမှမတ်ပဲကို သြဂုတ်လနောက်ဆုံးထားတင်သွင်းရန်စီစဉ်ထားသည်။ အိန္ဒိယပဲကုန်သည်များကို လက်ရှိတွင်လိုင်စင်များချပေးထားပြီး တင်သွင်းခွင့် ပမာဏအတိအကျကို လာမည့်ရက်ပိုင်းအတွင်း အိန္ဒိယအစိုးရက ထပ်မံချပေးနိုင်သည်ဟု ပြည်တွင်းပဲကုန်သည်များက ခန့်မှန်းနေကြသည်။

**Source:** https://7day.news/detail?id=187948

## လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့ အထည်ချုပ်တင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၆ ဘီလျံကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသုံးသန်းလျော့ကျ



လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ၂ ဒသမ ၆ ဘီလျံကျော်ရရှိထားပြီး ယခင်နှစ်ကာလတူထက် ဒေါ်လာသုံးသန်းလျော့ကျခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက The Daily Eleven သတင်းစာသို့ ပြောကြားသည်။ "မေလ ၂၂ ရက်အထိ အထည်ချုပ်တင်ပို့မှုကနေ ဒေါ်လာ ၂၆၆၇ သန်း (၂ ဒသ မ ၆၆ရဘီလျံ) ရှိတယ်။ ယခင်နှစ်ထက် ဒေါ်လာသုံးသန်းလျော့တယ်" ဟု စီးပွားရေးနှင့်

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြား သည်။ ၂၀၁၉ -၂၀၂၀ ဘဏ္ဍာနှစ် အောက်တိုဘာ ၁ ရက်မှ မေ ၂၂ ရက်အထိ အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုမှ ဒေါ်လာ ၂ ဒသမ ၆၆၇ ဘီလျံရရှိထားပြီး ယခင်နှစ်ကာလတူတွင် ဒေါ်လာ ၂ ဒသမ ၆၇၀ ဘီလျံအထိရရှိထားသည်။ လက်ရှိဘဏ္ဍာနှစ် ရှစ်လခန့်တွင် ပြည်ပသို့အထည်ချုပ် (ချုပ်ပြီးအထည်) တင်ပို့မှုသည် ယခင်နှစ်ကာလတူထက် ဒေါ်လာသုံးသန်း လျော့ကျ ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကို CMP စနစ်ဖြင့် လုပ်ဆောင်နေခြင်းဖြစ်ပြီး ပြည်တွင်း CMP လုပ်ငန်းများ၌ အထည်ချုပ်လုပ်ငန်းသည် အများဆုံးဖြစ်သည်။ အထည်ချုပ် CMP ထုတ်လုပ်မှုတန်ဖိုးသည် လေးနှစ်အတွင်း ဆယ်ဆတိုးတက်လာခဲ့ပြီး ယခုနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးအောင်ထူးကပြောကြားသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ စတုတ္ထတစ်နှစ်တာအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ပတ်သက်၍ နိုင်ငံပိုင်သတင်းစာများနှင့် တွေ့ဆုံမေးမြန်းမှုတွင် ဒုတိယဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ အစိုးရသစ်စတင် တာဝန်ယူချိန်၌ အထည်ချုပ် CMP ၏ ထုတ်လုပ်မှုတန်ဖိုးမှာ ဒေါ်လာသန်း ၅၀၀ နှင့် အလုပ်ကိုင် လေးသိန်းခန့်ဖန်တီးပေးနိုင်ခဲ့သည်။ အစိုးရသက်တမ်း လေးနှစ်တာကာလအတွင်း အထည်ချုပ်လုပ်ငန်း CMP ထုတ်လုပ်မှုတန်ဖိုးသည် ဆယ်ဆတိုးတက်လာပြီး ယခုအစိုးရသက်တမ်း စတုတ္ထနှစ်တွင် ဒေါ်လာငါးဘီလျံခန့်အထိ တိုးတက်လာနိုင်မည့် အခြေအနေများရှိကြောင်း ဒုတိယဝန်ကြီး ဦးအောင်ထူးက ပြောကြားသည်။

လက်ရှိအချိန်တွင် အထည်ချုပ်လုပ်ငန်းများမှ အလုပ်သမား ခြောက်သိန်းခန့်ကို အလုပ်အကိုင် ဖန်တီးပေးနိုင် ခဲ့ကြောင်း၊ ယင်းအနက် ၉၅ ရာခိုင်နှုန်းခန့်သည် အမျိုးသမီးများ၏ အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ခဲ့ကြောင်း သိရသည်။ ၂၀၁၈ ခုနှစ်က အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၄ ဒသမ ၆ ဘီလျံနီးပါး ရရှိခဲ့ပြီး လာမည့် ၂၀၂၄ ခုနှစ်တွင် မြန်မာနိုင်ငံ အထည်ချုပ်ကဏ္ဍမှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၀ ဘီလျံရရှိရန် မျှော်မှန်းထားကြောင်း ၂၀၁၉ ခုနှစ် မေ ၁၁ ရက် က ရန်ကုန်မြို့ရှိ ကုန်သည်စက်မှုအသင်းချုပ်၌ ကျင်းပသည့် မြန်မာနိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း၏ ပဉ္စမအကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးမှသိရသည်။

မြန်မာနိုင်ငံ၏ ထုတ်လုပ်မှုကဏ္ဍတွင် ဝင်ရောက်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ တွင်လည်း အထည်ချုပ်ကဏ္ဍတွင် အများဆုံးဝင်ရောက်လျက်ရှိကြောင်းသိရသည်။ သို့သော် မြန်မာနိုင်ငံအနေဖြင့် လက်ခစားစနစ်ဖြင့် ချုပ်လုပ်ခြင်းဖြစ်သဖြင့် ချုပ်ခအနေဖြင့် ၁၀ရာခိုင်နှုန်းခန့်သာရရှိကြောင်းသိရသည်။ လက်ရှိအချိန်တွင် CMP လက်ခစား လုပ်ငန်းများမှ နှစ်စဉ်ဝင်ငွေ ဒေါ်လာသန်း ၃၀၀ ခန့်သာ ဝင်ငွေရှိသော်လည်း အဆိုပါလုပ်ငန်းများကို FOB စနစ်ကို ဆောင်ရွက်နိုင်မည်ဆိုပါက ဒေါ်လာသန်း ၃၀၀၀ (သုံးဘီလျံ) အထိ နိုင်ငံ့ဝင်ငွေရရှိလာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှသိရသည်။ လက်ရှိအချိန်တွင် CMP လက်ခစားစနစ်လုပ်ငန်းသည် နှစ်ပေါင်းသုံးဆယ်ခန့်ရှိလာပြီဖြစ်သော်လည်း ကိုယ်တိုင်ထုတ်လုပ်နိုင်သည့်အခြေအနေသို့ တက်လှမ်းနိုင်ခြင်းမရှိသေးကြောင်းသိရသည်။

**Source:** https://news-eleven.com/article/176873

## မိုးစပါးမစိုက်မီ အခြေခံစပါးဈေးကြေညာပေးရန် လိုအပ်ဟုဆို



COVID-19 ရောဂါဖြစ်နေချိန်တွင် တောင်သူလယ်သမားများအတွက် ဈေးနှုန်းအာမခံချက်ရရှိနိုင်မည့် အခြေခံစပါးဈေးကို မိုးစပါးမစိုက်မီ အစိုးရက ကြေညာပေးရန်လိုအပ်သည်ဟု စိုက်ပျိုးရေးပညာရှင်အချို့ကပြောသည်။ ရာသီဥတုစိန်ခေါ်မှုများ၊ သီးနှံပေါ်ချိန် ဈေးနှုန်းကျဆင်းမှုကို ကြုံနေသည့်အခြေအနေတွင် အစိုးရ၏ အခြေခံ စပါးဈေးနှုန်း သတ်မှတ်ချက်က တောင်သူများအတွက် အာမခံချက်ကောင်းတစ်ခုဖြစ်သည်ဟု စိုက်ပျိုးရေးပညာရှင် ဦးတင်ထွဋ်ဦးကပြောသည်။ တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေတွင်လည်း

အခြေခံဈေးနှုန်းကို သီးနှံစိုက်ပျိုး ရာသီမတိုင်မီ အစိုးရကကြေညာပေးရမည်ဟု ဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် မိုးစပါးကို ဇွန်လလယ်မှ ဇူလိုင်လအတွင်း စိုက်ပျိုးကြသည်။ အစိုးရက အခြေခံစပါးဈေးကို ယခုလအတွင်း ကြေညာနိုင်မည်ထင်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌ ဦးရဲမင်းအောင် ကပြော သည်။ စပါးဈေးနှုန်းသတ်မှတ်ချက်နှင့် ပတ်သက်၍ မြန်မာ နိုင်ငံ ဆန်စပါးအသင်းချုပ်က ယခုနှစ်အတွက် အစိုးရကို အကြံပြုထားခြင်း မရှိသေးကြောင်း ၎င်းကပြောသည်။ အခြေခံဈေး နှုန်းသည် စပါးတင်း ၁၀၀ လျှင် အနည်းဆုံး ကျပ်ငါးသိန်းဖြစ်နိုင်မည်ဟု ဦးရဲမင်းအောင်က ပြောသည်။ ပြီးခဲ့သည့် ၂၀၁၉ က မြန်မာနိုင်ငံ၏ အခြေခံစပါးဈေးနှုန်း မကြေညာမီ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဈေးနှုန်းသတ်မှတ်ရန် အကြံပြုချက်များပေးပို့ခဲ့သည်။

မြန်မာနိုင်ငံတွင် အခြေခံစပါးဈေးနှုန်းသတ်မှတ်ချက်သည် မိုးစပါး၊ နွေစပါး နှစ်ရာသီအတွက် နှစ်စဉ်အစိုးရက ထုတ်ပြန်ပေးရမည်ဖြစ်ပြီး အခြေခံစပါးဈေးကို ၂၀၁၈ ကစတင်ပြီး အစိုးရကသတ်မှတ်ပေးခဲ့သည်။ စပါးတင်း ၁၀၀ လျှင် ကျပ်ငါးသိန်းဖြစ်သည်။ “ဒီအချိန်မှာ အစိုးရ အာမခံဈေးသိထားသော လယ်သမားတွေအတွက် အာမခံချက်ရတာပေါ့” ဟု လယ်သမားဘဝဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးသိန်းအောင်ကပြောသည်။ အခြေခံစပါးဈေးသည် အနည်းဆုံးဈေးနှုန်းသတ် မှတ်ချက်ဖြစ်သောကြောင့် တောင်သူများကလည်း အစိုးရ၏ ဈေးနှုန်းသတ်မှတ်ချက်ကို လိုလားကြသည်။ အိမ်နီးချင်း အိန္ဒိယနိုင်ငံတွင် ယခုဘဏ္ဍာနှစ်အတွင်း အခြေခံစပါးဈေးနှုန်းကို ၂ ဒသမ၉ ရာခိုင်နှုန်း တိုးမြှင့် သတ်မှတ်သကဲ့သို့ အခြားသီးနှံများအတွက်လည်း အာမခံဈေးနှုန်း တိုးမြှင့်ထားသည်။

**Source:** https://7day.news/detail?id=187949

## ကျောင်းသုံးပစ္စည်းတွေ ရောင်းအားမြင့်တက်လာ

ဒီနှစ်ကျောင်းဖွင့်ရာသီမှာ ကျောင်းသားကျောင်းသူတွေ အသုံးပြုတဲ့ အသုံးအဆောင်ပစ္စည်းတွေ ဈေးနှုန်းသင့်တဲ့ ပစ္စည်းတွေသာ အများဆုံးရောင်းနေရတယ်လို့ ရန်ကုန်လက်ကားဒိုင်ကြီးတွေကပြောပါတယ်။ ကိုဗစ်ရောဂါကာကွယ် ထိန်းချုပ်နေတဲ့ကာလမို့ ကျောင်းဖွင့်ချိန်ဟာ အရင်ကဇွန်လ(၁)ရက်နေ့ ဖြစ်ခဲ့ပေမယ့် ဒီနှစ်မှာတော့ ဇူလိုင်လ တတိယအပတ်မှ ဖွင့်မှာဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ထီး၊ မိုးကာအကျီ ကျောင်းဝတ်စုံတွေဟာ လက်ရှိဈေးကွက်မှာဖြန့်နေတဲ့ ပစ္စည်း အမျိုးစားတွေထဲမှာ ဈေးနှုန်းအလယ်အလတ်တန်ပစ္စည်းတွေတာ အမှာများကြတယ်လို့ သိမ်ကြီးဈေးမှာဆိုင်ဖွင့်ထားတဲ့ အထည်လက်ကားဒိုင်အမျိုးသမီးတစ်ဦးက ရှင်းပြပါတယ်။ သူက“ နယ်တွေကတော့ ဈေးသက်သာတာတွေအမှာများတယ်၊ ရန်ကုန်မြို့အတွင်းတောင်အရင်လို ဈေးနှုန်းမြင့်တန်ဖိုးကြီးတာတွေ အဝယ်နည်းသွားတာ ကလေးမိုးကာကအစ အလယ်အလတ်တန်းစားလောက်တွေသာရောင်းနေရတယ် လူတွေစီးပွားရေးကျပ်တာတော့ထင်တယ်“လို့အခြေအနေကို ရှင်းပြပါတယ်။

ထီးတွေဆိုလဲ ၃၀၀၀ကျပ်ဝန်းကျင်တန်၊ မိုးကာတွေဆိုရင်လဲ ၃၀၀၀ ကျပ်ကနေ ၄၀၀၀ ကျပ်ဝန်းကျင်တန်တွေသာ အရောင်းအဝယ်သွက်နေတယ်လို့ဆိုပါတယ်။ ကျောင်းဝတ်စုံတွေလဲ၊ ဈေးနူးန်းအလယ်အလတ်တန်ပစ္စည်းတွေသာ အမှာများကြပြီး၊ ပစ္စည်းတွေ အဝင်များနေပေမယ့် အရင်ကျောင်းဖွင့်ရာသီတွေထက် ရောင်းအားကျဆင်းနေတယ်လို့ ဆိုင်ရှင်တွေက ပြောပါတယ်။ ကျောပိုးအိတ်တွေလဲ လက်ရှိအရောင်းအဝယ်သွက်နေတယ်လို့ဆိုပြီး၊ ၆၀၀၀ ကျပ်တန် ဝန်းကျင်တွေပဲ အရောင်းအဝယ်ပိုဖြစ်နေတယ်လို့ဆိုပါတယ်။

**Source:**https://www.kumudranews.com/news-37944

## မန္တလေးလက်လီဈေးကွက်တွင် ရက်ပိုင်းအတွင်း ကြက်သားတစ်ပိဿာ ၉၀၀၀ ကျပ်ထိ ဈေးမြင့်

အသားစားကြက် မွေးမြူသူများက ကိုဗစ်ကာလတွင်း အသားစားကြက်သားပေါက် ထပ်မံ ထည့်သွင်းမွေးမြူခြင်းမရှိရာက ကြက်သားထုတ်လုပ်မှု ကျဆင်းကာ မန္တလေး စားသုံးသူဈေးကွက်တွင် ရက်ပိုင်းအတွင်း ကြက်သားတစ်ပိဿာကျပ် ၉၀၀၀ ထိ ဈေးမြင့်လာကြောင်း မန္တလေးတိုင်းမွေးမြူရေး လုပ်ငန်းရှင်များ အသင်းအတွင်းရေးမှူး ဒေါက်တာနေသူရိန်ကပြောသည်။ ၄၅ ရက်လျှင် အသားစားကြက်များမှ ကြက်သားအဖြစ် ထုတ်လုပ်ရရှိခြင်းဖြစ်၍ ကိုဗစ်မတိုင်မီကတည်းက ကြက်သားဈေးကျဆင်းခြင်းနှင့် ကိုဗစ်ကာလတွင် ကန့်သတ်မှုများအပါအဝင် စားသုံးသူဈေးကွက်ကြောင့် ကြက်ခြံရှင်များက သားပေါက်အသစ်

မွေးမြူခြင်းမရှိတော့ဟုဆိုသည်။ "အသားစားကြက်က ၄၅ ရက် Cycle ပါ။ ကိုဗစ်ကာလ ကြက်မွေးမြူတဲ့ ရွာတွေမှာလမ်းတွေ ပိတ်လို့ ကြက်စာသယ်မရဘဲ မမွေးကြတော့ ပစ္စည်းပြတ်သွားတယ်။ ခုလိုဖြစ်နိုင်တဲ့ Effect ကို ဝန်ကြီးချုပ်နဲ့မြို့တော်ဝန်ကို တင်ပြတော့ ကြက်စာစက်ရုံတွေ လည်ပတ်ခွင့်ရပေမယ့် ကျေးလက်မှာအဆင်မပြေခဲ့ဘူး။ ဇွန်လကုန်လောက်ကစပြီး ကြက်သား ဈေးပြန်ကျနိုင်တယ်"ဟုၣင်းကပြောသည်။

အသားစား ကြက်များမွေးမြူမှုကို ဧပြီလကုန်နှင့် မေလလယ်လောက်ကစ၍ ကြက်ခြံများကို သားပေါက်များ ပြန်လည် မွေးမြူလာကြပြီဖြစ်၍ ကြက်သားဈေးမှာ ပုံမှန်ဖြစ်လာနိုင်ကြောင်း၊ ကိုဗစ်ကာလနှင့် ယင်းမတိုင်မီက ကြက်သားတစ်ပိဿာ ၅၀၀၀ ကျပ်ဝန်းကျင်ရှိခဲ့ပြီး လက်ရှိတွင် တစ်ပိဿာ ကျပ် ၉၀၀၀ ရှိနေကြောင်းသိရသည်။ "ဒီရက်ပိုင်း ခြံဖမ်းဈေးက ၅၀၀၀ ကျပ်ဝန်းကျင်မှာ လက်ကား ရောင်းသူက ၅၀၀ ကျပ်ပေါင်းပြီး ရောင်းတယ်။ စားသုံးသူက လက်ကားရောင်းတဲ့သူတွေ ဆီမှာ ဝယ်ရင် ဈေးသက်သာမှာဖြစ်လို့ လက်ကားရောင်းသူများလာဖို့နဲ့ အဲဒီဆိုင်တွေမှာ စားသုံးသူတွေဝယ်ကြဖို့လိုတယ်"ဟု ဆက်လက်ပြောကြားသည်။

ကိုဗစ်ကာလတွင် ပြည်တွင်းကြက်စာထုတ်လုပ်မှုမှာ ၄၀ ရာခိုင်နှုန်းလျော့ကျခဲ့ပြီး မျိုးကြက်မ သမားများကလည်း သားပေါက်အခမဲ့ ပေးသည်ကို မယူနိုင်ဘဲ အသားဈေးနဲ့ ရောင်းလိုက်သည့်အတွက် ကြက်သားပေါက် အကောင် ရေ ၉၂၀,၀၀၀ ကို ပြည်ပမှ တင်သွင်းခဲ့ရာ လာမည့် ဇွန်လကုန်နှင့် ဇူလိုင်လတွင် ကြက်သားဈေးပုံမှန် ဖြစ်လာနိုင်မည်ဟုဆိုသည်။
မန္တလေးတိုင်း မွေးမြူရေး လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဒေါက်တာထင်ကျော်က "ကိုဗစ်ကာလမှာ မရောင်းရမှာစိုးလို့ ကြက်ခြံ တွေမှာ မွေးမြူရေးလျှော့ချ လိုက်ကြတယ်။ မန္တလေးဝန်းကျင်မှာ အကောင်ရေသိန်း ၃၀ လောက် မွေးမြူနေရာက ၄၀ ရာနှုန်း လောက်မမွေးကြတော့ လက်ရှိဈေးကွက်မှာ ဈေးတက်တယ်။ ခြံတွေကပြန်လည်လုပ်ကိုင်နေကြပြီမို့ ဈေးကမကြာခင် ပြန်ငြိမ် သွားမှာပါ"ဟုသုံးသပ်ခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/139965.html

## အိန္ဒိယနယ်စပ် နန်းဖာလုံဈေးကို လကုန်အထိပိတ်ထားမည်

မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့ရှိ နန်းဖာလုံဈေးကို ဇွန်လကုန်အထိ ပိတ်သိမ်းထားဦးမည်ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ထံမှသိရသည်။ နန်းဖာလုံဈေးနှင့် ကူးလူးဆက်ဆံမှုများသည့် အိန္ဒိယပြည်နယ်များတွင် ကိုဗစ်ရောဂါ ဖြစ်ပွားသူများ ရှိနေဆဲဖြစ်သောကြောင့် ရောဂါပျံ့နှံ့လာမည်စိုးသဖြင့် မဖွင့်သေးခြင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ်ဝန်ကြီး ဦးမိုးကျော်သူကပြောကြားသည်။ "သူတို့ဘက်က ရောဂါအခြေအနေတည်ငြိမ်သွားမှသာဖွင့်မယ်" ဟု ၎င်းက ဆိုသည်။

ဇွန်လ ၆ ရက်နေ့အထိ အိန္ဒိယနိုင်ငံတွင် ကိုဗစ်လူနာပေါင်းနှစ်သိန်းတစ်သောင်းကျော်ရှိနေပြီး နန်းဖာလုံဈေးနှင့် ကူးသန်း ရောင်းဝယ်မှုများသည့် အာသံပြည်နယ်တွင် ၁၈၀၀ ကျော်၊ မဏိပူရ်ပြည်နယ်တွင် ၁၀၀ ကျော်၊ နာဂလန်းပြည်နယ်တွင် ၅၈ ဦး၊ Maghalaya ပြည်နယ်တွင် ၃၃ ဦးနှင့် မီဇိုရမ်ပြည်နယ်တွင် ၁၄ ဦး ရှိနေကြောင်း အိန္ဒိယအစိုးရ၏ ထုတ်ပြန်ချက်များအရ သိရ သည်။ နန်းဖာလုံဈေးနှင့် အနီးဆုံးဖြစ်သည့် မိုရေးမြို့တွင်လည်း ပိုးတွေ့လူနာနှစ်ဦးရှိနေသည်။ နန်းဖာလုံဈေးနှင့် နယ်စပ်ဂိတ်ပေါက်များကို အိန္ဒိယအစိုးရဘက်က မတ်လ ၉ ရက်နေ့တွင် စတင်ပိတ်ခဲ့ပြီး ယခုအခါ သုံးလခန့် ကြာမြင့်နေပြီ ဖြစ်သည်။ "အိန္ဒိယဘက်က ပိတ်လိုက်ပေမယ့် မြန်မာဘက်က ချက်ချင်းမပိတ်သေးတော့ တခြားနယ်စပ်ဝင်ပေါက် လမ်းသွယ်လေးတွေကနေ ကုန်သွယ်မှုပြုနိုင်သေးတယ်။ မြန်မာဘက်က ထပ်ပိတ်လိုက်တော့ ကုန်သွယ်မှုက လုံးဝရပ်ဆိုင်း သွားတယ်ဟု တမူးဒေသခံတစ်ဦးကဆိုသည်။ ယခင်ကလည်း နယ်စပ်ဂိတ်ပေါက်များသည် အကြောင်းအမျိုးမျိုးကြောင့် ပိတ်ပင်ခဲ့ဖူးသော်လည်း တစ်လခန့်သာ အကြာဆုံးဖြစ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေကြောင့် နန်းဖာလုံဈေးနှင့် ကုန်သွယ်ရေး ယာဉ်များ အားလုံးအထိနာနေကြောင်း နန်းဖာလုံဈေးတွင် ဈေးရောင်းချနေသူတစ်ဦးက ပြောသည်။

အိန္ဒိယနိုင်ငံ မိုရေးမြို့ဘက်ရှိ ကုန်သည်များနှင့် အဟောင်းပေးအသစ်ယူ ကုန်ပစ္စည်းများ ရောင်းချနေရချိန်တွင် ဂိတ်ပေါက် များ ပိတ်ပင်ထားခြင်းကြောင့် ခေါက်ပြတ်ဖြင့် အလုပ်လုပ်ကြရသည့် ယာဉ်မောင်းနှင့် အလုပ်သမားတို့မှာလည်း အခက်အခဲ ဖြစ်ကြကြောင်း နယ်စပ်ကုန်သည်တစ်ဦးကရှင်းပြသည်။ တမူးမြို့ရှိ နယ်စပ်နန်းဖာလုံဈေးသည် အိန္ဒိယနိုင်ငံ မဏိပူရ်

ပြည်နယ်ဘက်ရှိ ကုန်သည်များ၏ ဝယ်လိုအားကို အဓိကအားထား၍ ရောင်းချနေရခြင်းဖြစ်သည်။

**Source:** https://www.facebook.com/LivingColorMediaCoLtd/posts/628648171069798?__tn__=K-R

## အရသာထူးခြားကောင်းမွန်သည့် ပြင်ဦးလွင်မှကညွတ်ကို စားသုံးသူပိုများပြား



ရေ၊ မြေ၊ တောတောင်သဘာဝကွာခြားမှုကြောင့် အရသာထူးခြားကောင်းမွန်သည့် ပြင်ဦးလွင်ကညွတ်များကို စားသုံးသူများ ပိုနှစ်သက်ကြောင်း ကညွတ်ဈေးကွက်မှ သိရသည်။ မြန်မာပြည်အထက်ပိုင်း ရှမ်းပြည်နယ်၊ တောင်ကြီး၊ ပြင်ဦးလွင်မှစိုက်ပျိုးသည့် ကညွတ်နှင့် ဟင်္သာတ၊ ကျောက်ဆည်၊ မြင်းခြံ၊ မြစ်သား၊ မန္တလေး အောက်ပိုင်းဒေသများမှ စိုက်ပျိုးသည့် ကညွတ်မျိုးချင်း တူသော်လည်း အရသာကွာခြားနေသည်ဟုသိရသည်။

မေမြို့ကညွတ်က အောက်ပိုင်းကညွတ်ထက်စာရင် ဈေးရပါတယ်။ တစ်ဧကလှိုင်တဲ့ရက်ဆို တစ်နေ့အချိန်ရှစ်ပိဿာထွက်တယ်။ အောက်ပိုင်းက လူတွေက ၁၅ ပိဿာလောက် ထွက်မယ်ထင်တယ်။ ဒါပေမယ့် အောက်ပိုင်းဒေသတွေမှာ ဒိုင်က မသိမ်းတစ်ချက် သိမ်းတစ်ချက်မို့ အဆင်မပြေကြဘူး။ ပြင်ဦးလွင်ကဒိုင်ကတော့ နေ့စဉ်သိမ်းပေးနေတာပါ။ ကိုဗစ်ကြောင့် နားရတဲ့ရက်ရှိတာပေါ့ဟု ပြင်ဦးလွင်မှ ကညွတ်စိုက်တောင်သူ မခင်မျိုးသန့်က ပြောသည်။

မတ်လမှအောက်တိုဘာလအတွင်းကာလများ၌ ကညွတ်စပေါ်ပြီး အခုလက်ရှိ ကညွတ်ဈေးကွက်မှာ ပြင်ဦးလွင် (မေမြို့) ရှယ်ဆ တစ်ပိဿာကို ၄၀၀၀ ကျပ်ကနေ ၅၀၀၀ ကျပ်အတွင်း၊ တခြားအောက်ပြည်အောက်ရွာမှ ကညွတ်တစ်ပိဿာကို ၂၀၀၀ ကျပ် ဝန်းကျင်ပေါက်ဈေးရှိနေသည်။ ဘာလို့ ဒီလိုဈေးကွာခြားနေသလဲဆိုရင် အောက်ပြည်ကကညွတ်က ခါးတယ်လေ။ စားသုံးသူတွေမကြိုက်ကြဘူး။ တချို့တော့ သိပ်မခါးဘူး စားလို့ရတယ်။ လူတိုင်းတော့ မခါးဘူးပေါ့။ တချို့ ကြက်ဟင်းခါးသီးလောက်ကိုခါးတယ်။ စားတဲ့သူကပြောတာကတော့ မေမြို့က ချိုတယ် နုတယ် ကြိုက်ကြတယ်။ ကြည့်တတ်ရင် အရောင်က ကွာပါတယ်ဟု ကညွတ်ဝယ်ယူ ရောင်းချနေသူတစ်ဦးကပြောသည်။

**Source:** https://greenwaymyanmar.com/posts/more_consume_asparagus_form_Pwin_Oo_Lwin

## မတ်ပဲတင်ရမည့်ကာလလျှော့ချလိုက်သဖြင့် တန်ချိန်လေးသိန်းမပြည့်နိုင်သော်လည်း ကာလတိုအတွင်း ဈေးကောင်းလာနိုင်

အိန္ဒိယနိုင်ငံက မတ်ပဲတင်သွင်းမည့်ကာလကို ကိုးလခန့်လျှော့ချလိုက်သဖြင့် မြန်မာပဲကုန်သည်များ အခက်တွေ့နေရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ခွဲတမ်းအတွက် မြန်မာနိုင်ငံမှတင်သွင်းမည့် မတ်ပဲတန်ချိန်လေးသိန်းကို တစ်နှစ်အတွင်း တင်သွင်းရန် ယခင်ကသတ်မှတ်ထားခဲ့သော်လည်း ယခုမူ သုံးလအတွင်း အပြီးတင်သွင်းရန် မေလတတိယပတ်က ပြောင်းလဲသတ်မှတ်ခဲ့သည်။ မတ်ပဲ တန်ချိန်လေးသိန်းဝယ်ယူတင်သွင်းခွင့်ကို မူလက လာမည့်နှစ်၊ မတ်လကုန်အထိ သတ်မှတ်ထားရာမှ လက်ရှိတွင် ယခုနှစ် ဩဂုတ်လကုန် အိန္ဒိယဆိပ်ကမ်းအရောက် အပြီးကုန်သွယ်ရန် ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။ "၂၀၂၁ခုနှစ်ထိဆိုရင်တော့ ထွက်လာမယ့်ပဲအသစ်တွေ ပေါင်းထည့်ရင် တန်ချိန်လေးသိန်းကလည်း ပြည့်မီတယ်။ အခုက သုံးလအတွင်းပို့ရမှာဆိုတော့ ကာလတိုတဲ့အတွက် တန်ချိန်မပြည့်နိုင်ဘူး။ မပြည့်မီနိုင်လို့လဲ အခက်အခဲတော့ မရှိဘူး။ အစကတည်းက စာချုပ်ချုပ်ထားတာမဟုတ်ဘူး။ ခွင့်ပြုတယ်ဆိုတာမျိုးနဲ့သွားနေတာဖြစ်လို့ ကာလတိုအတွင်းဝယ်တဲ့အတွက် ပဲဈေးနည်းနည်းကောင်းလာနိုင်တယ်"ဟု မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ၊ အတွင်းရေးမှူး ဦးမင်းကိုဦးကပြောသည်။

အိန္ဒိယအစိုးရသည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် မတ်ပဲလိုအပ်ချက်ကြောင့် တန်ချိန်နှစ်သိန်းခွဲ ထပ်မံဝယ်ယူခဲ့ပြီး တင်သွင်းခွင့်ကာလကိုလည်း သတ်မှတ်ပမာဏ ပြည့်သည်အထိ အကြိမ်ကြိမ် သက်တမ်းတိုးခဲ့သည်။ လက်ရှိတွင် ၂၀၂၀ -၂၀၂၁

ခုနှစ်အတွက် မတ်ပဲတင်သွင်းရန် လိုင်စင်ချပေးနေဆဲဖြစ်သော်လည်း တင်သွင်းခွင့်ကာလမှာ သုံးလသာကျန်တော့သည့် အတွက် မြန်မာနိုင်ငံ၏ မတ်ပဲလက်ကျန်အခြေအနေအရ သတ်မှတ်ခွဲတမ်းကို ဩဂုတ်လကုန်အမီ တင်ပို့နိုင်မည်မဟုတ်ဟုသိရသည်။ မြန်မာနိုင်ငံသည် အိန္ဒိယကိုသာ အားထား၍ မတ်ပဲတင်ပို့နေခြင်းဖြစ်ပြီး နှစ်စဉ်ပဲထွက် ရာသီချိန် ဖေဖော်ဝါရီလ နှင့် မတ်လတွင် ထွက်ရှိသော ပဲများကို ယခင်နှစ်လက်ကျန်ပမာဏနှင့် ပေါင်း၍ တင်ပို့နေခြင်းဖြစ်သည်။

လက်ရှိအခြေအနေအရ အိန္ဒိယနိုင်ငံ၏ ပဲထွက်ချိန်ကို (စက်တင်ဘာလ) စောင့်ကြည့်၍ ၄င်းနိုင်ငံ၏ အထွက်နှုန်းပေါ် မူတည်ကာ မြန်မာနိုင်ငံရှိတောင်သူများအား ဈေးကွက်အလားအလာပေါ်မူတည်ပြီး စိုက်ပျိုးနိုင်ရေးအသိပေးသွားမည် ဖြစ်ကြောင်း ဦးမင်းကိုဦးကပြောသည်။ မြန်မာနိုင်ငံတွင် ယခင်က တစ်နှစ်လျှင် မတ်ပဲတန်ချိန်ခြောက်သိန်းကျော် ထွက်ရှိသော်လည်း ယခုနှစ်များတွင် တန်ချိန် လေးသိန်းဝန်းကျင်သာ ထွက်ရှိကြောင်း နှင့် ၂၀၁၇ခုနှစ်မှစ၍ အိန္ဒိယအစိုးရ၏ ပဲတင်သွင်းခွင့် မူဝါဒအပြောင်းအလဲကြောင့် ပြည်တွင်း၌ မတ်ပဲစိုက်ပျိုးမှုကိုလျှော့ချကာ ပဲတီစိမ်းကို အစားထိုးစိုက်ပျိုးလာကြကြောင်း သိရသည်။

**Source: The Farmer Media** https://www.facebook.com/myanmaawba/?ref=page_internal

## အမေရိကန်၏ ကုန်သွယ်ရေးကန့်သတ်ချက်အသစ်သည် တရုတ်လုပ်ငန်းအသင်းအဖွဲ့ (၃၃) ခုအပေါ် သက်ရောက်မည်

၂၀၂၀ ပြည့်နှစ်၊ မေလက အမေရိကန်စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာနကထုတ်ပြန်ခဲ့သည့် တရုတ်လုပ်ငန်း အသင်းအဖွဲ့ (၃၃) ခုအပေါ် ကုန်သွယ်ရေးကန့်သတ်ချက်အသစ်မှာ ယနေ့မှစတင်၍သက်ဝင်မည်ဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်း များသည် တရုတ်နိုင်ငံ၊ ရှင်းကျန်းပြည်နယ်ရှိ လူနည်းစုမွတ်စလင်လူမျိုးများအား ပေကျင်းသူလျှိုအနေဖြင့် အကူအညီ ပေးနေကြောင်းနှင့် လက်နက်များ၊ ဖောက်ခွဲရေးပစ္စည်းများနှင့်စပ်လျဉ်း၍လည်း စစ်တပ်နှင့်ပါဝင်ပတ်သက်နေသည်ဟု စွပ်စွဲချက်များကြောင့် စီးပွားရေးနာမည်ပျက်စာရင်းတွင် ထည့်သွင်းထားခြင်းဖြစ်ကြောင်း၊ အဆိုပါစာရင်းတွင် Software ကုမ္ပဏီများဖြစ်သည့် Qihoo 360 Technology နှင့် Skyeye Laser Technology တို့ပါဝင်ကြောင်း၊ အဆိုပါ နာမည်ပျက် စာရင်းဝင်ကုမ္ပဏီများမှာ အမေရိကန်ကုန်ပစ္စည်းများကိုသာမက အမေရိကန်ကုန်ကြမ်းပစ္စည်းများနှင့် နည်းပညာများအသုံးချ၍ ပြည်ပနိုင်ငံများတွင် ထုတ်လုပ်ထားသော ပစ္စည်းများကိုလည်း ရောင်းချခွင့်မရှိကြောင်း၊ လုပ်ငန်းများအနေဖြင့် ကုန်ပစ္စည်းများ ရောင်းချခွင့်ကို လျှောက်ထားနိုင်သော်လည်း သတ်မှတ်ချက်များကို ကျော်ဖြတ်နိုင်ရမည်ဖြစ်ကြောင်း၊ ကုမ္ပဏီ(၇) ခုနှင့် အသင်းအဖွဲ့(၂) ခုမှာ တရုတ်နိုင်ငံ၌ လုံ့ဆော်မှုများပြုလုပ်ရာတွင် လူ့အခွင့်အရေးချိုးဖောက်မှုနှင့်ပတ်သက်၍ နာမည်ပျက် စာရင်းတွင်ပါဝင်ခြင်းဖြစ်ကြောင်း၊ ကျန်ရှိသောကုမ္ပဏီ (၂၄) ခု၊ အစိုးရအသင်းအဖွဲ့နှင့်စီးပွားရေးအဖွဲ့အစည်းတို့မှာ တရုတ် စစ်တပ်မှအသုံးပြုရန် ပစ္စည်းများဝယ်ယူမှုနှင့်ပတ်သက်၍ ကူညီပံ့ပိုးပေးသည်ဟူသော ဝါရှင်တန်၏ စွပ်စွဲချက်အရ နာမည်ပျက် စာရင်းတွင် ပါဝင်ခြင်းဖြစ်ကြောင်း၊ အဆိုပါနာမည်ပျက်စာရင်းတွင် ပါဝင်သည့်ကုမ္ပဏီများသည် အမေရိကန်ဈေးကွက်၌ ဉာဏ်ရည်တု (Artificial Intelligent–AI) နည်းပညာများကို အဓိကထားဆောင်ရွက်ကြပြီး အမေရိကန်နည်းပညာ ကုမ္ပဏီများဖြစ်သည့် Nvidia နှင့် Intel တို့၏ ရင်းနှီးမြှုပ်နှံမှု အမြောက်အမြားပါဝင်ကြောင်း၊ ယခုဖြစ်စဉ်မှာ၂၀၁၉ ခုနှစ်က တရုတ်ပြည်သူ့လုံခြုံရေးဗျူရိုနှင့် ဗီဒီယိုကုမ္ပဏီ Hikvision အစရှိသည်တို့ပါဝင်သည့် တရုတ်ကုမ္ပဏီ (၂၈) ခုအား အမေရိကန် ကုန်သွယ် ရေး နာမည်ပျက်စာရင်းတွင်ထည့်သွင်းခဲ့သည့် အလားတူဖြစ်စဉ်မျိုးဖြစ်ကြောင်း ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၅ ရက်နေ့ ထုတ် South China Morning Post သတင်းစာ၌ "New American Trade Restrictions on 33 Chinese Firms and Institutions Take Effect" ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဟောင်ကောင်**

## ၂၀၂၀ တွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ပို့ကုန်တင်ပို့မှု ယူရို (၉၂) ဘီလီယံ လျော့ကျနိုင်ခြင်း

၂၀၁၉ ခုနှစ်နှင့်နှိုင်းယှဉ်ပါက ဘယ်လ်ဂျီယံနိုင်ငံ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ တင်ပို့မှုသည် ယူရို (၉၂) ဘီလီယံခန့် ပမာဏအထိ ကျဆင်းနိုင်သည်ဟု ချေးငွေအာမခံလုပ်ငန်းတစ်ခုဖြစ် သည့် Euler Hermes ၏ စစ်တမ်းအရသိရှိရကြောင်း၊

ဘယ်လ်ဂျီယံနိုင်ငံသည် ပို့ကုန်ကျဆင်းရန် အလားအလာရှိသည့်နိုင်ငံများတွင် အဆင့် (၁၂) နေရာ၌ ရပ်တည်နေကြောင်း၊ ပြည်ပကုန်သွယ်မှုအများဆုံးကျဆင်းရန် အလားအလာရှိသည့်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျာမနီ၊ ဗြိတိန်၊ ရုရှား၊ ဂျပန်နှင့် နယ်သာလန်နိုင်ငံများဖြစ်ကြကြောင်းသိရှိရပါသည်။

ကမ္ဘာတစ်ဝှမ်းလုံးအတိုင်းအတာဖြင့် ကုန်စည်တင်ပို့မှုတွင် ထိခိုက်မှုအရှိဆုံးကုန်စည်ကဏ္ဍ များမှာ စွမ်းအင်ကဏ္ဍ (ယူရို ၆၆၇.၆ ဘီလီယံ)၊ သတ္တုကဏ္ဍ (ယူရို ၃၈၂.၅ ဘီလီယံ)၊ မော်တော်ယာဉ် (ယူရို ၂၄၅.၉ ဘီလီယံ)တို့ဖြစ်ကြပြီး၊  Software & IT ကဏ္ဍ (ယူရို +၄၆.၄ ဘီလီယံ) နှင့် ဆေးဝါး ကဏ္ဍ (ယူရို+၂၄.၆ ဘီလီယံ) တို့မှာ ပို့ကုန်တိုးတက်လာမည်ဟု Euler Hermes က ခန့်မှန်းထား ကြောင်း၊ ပြီးခဲ့သည့်မေလအစောပိုင်းတွင် ဘယ်လ်ဂျီယံနိုင်ငံ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများ တင်ပို့မှုသည် ၂၀၂၀ ပြည့်နှစ်တွင် (၁၀.၆) ရာခိုင်နှုန်းဖြင့် ကျဆင်းမည်ဟု ဥရောပကော်မရှင်က ပြောကြားထားကြောင်း၊ သွင်းကုန်တင်သွင်းမှုသည်လည်း အလားတူလျော့ကျမည်ဟု ခန့်မှန်းထားသဖြင့် ကုန်သွယ်မှုမျှခြေရရှိနိုင်မည်ဟုမျှော်လင့်ထားကြောင်း သိရှိရပါသည်။

**Source: ဘရပ်ဆဲလ်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## STOCK EXCHANGE (5.6.2020)

YANGON STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 5th Jun. 2020

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | -500 | -4.55% | 11,000 | 11,000 | 10,500 | 1,013 | 10,892,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,850 | +50 | +1.32% | 3,800 | 3,850 | 3,800 | 628 | 2,399,700 | 38,929,150 | 149,877 |
| MCB | 00003 | 8,100 | -100 | -1.22% | 8,100 | 8,100 | 8,100 | 39 | 315,900 | 10,400,986 | 84,248 |
| FPB | 00004 | 23,500 | -500 | -2.08% | 23,500 | 24,000 | 23,000 | 715 | 16,727,500 | 2,472,053 | 58,093 |
| TMH | 00005 | 2,700 | -100 | -3.57% | 2,750 | 2,800 | 2,700 | 111 | 300,350 | 12,823,224 | 34,623 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,650 | 3,865 | 10,423,000 | 19,977,223 | 53,939 |


### Market summary

As of 5th Jun. 2020

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.23 | -10.20 | -2.23% | 455.47 | 455.47 | 447.23 | 6,371 | 41,058,950 | 6 | 665,464 |

**Index chart**



# Market Overview

As of 12:30 pm, 5th Jun. 2020

| MYANPIX | 447.39 ▼ 10.04 |
|---|---|
| Total Volume (shares) | 2,301 |
| Total Value (MMK) | 21 mil |
| Listed Company | 6 |
| Market Cap. (MMK) | 665,701 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▼ 500 |
| MTSH | 00002 | 3,850 | ▲ 50 |
| MCB | 00003 | 8,100 | ▼ 100 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,700 | ▼ 100 |
| EFR | 00006 | 2,650 | ▼ 50 |

TIR